သန်းမြင့်အောင်



# အထူအပါး

ဝတ္ထုတိုစုစည်းမှု

အမှာ စာ

# အောင်သင်း

# ၏

# အမှာ စာ

ဗေဒင်ပညာရပ်တွင် ‘လဂ်’ ‘စန်း’ ဆိုတာ ရှိတယ်။ ‘လဂ်’ ဆိုတာက တစ်စုံတစ်ခုသော တစ်ချိန်တွင် အရှေ့စွန်းထပ်၌ ငြိတွယ် ထွက်ပေါ်နေသည့် မဿ၊ ပြိဿ စသော ရာသီ။ ‘စန်း’ ဆိုသည် မှာ ထိုအချိန်တွင် စန္ဒ(လမင်း) တည်ရှိရာ ‘ရာသီ’။

ထိုနည်းတူ စာရေးဆရာများ တွင် လည်း ‘လက်’ နှင့် ‘စန်း’ ရှိသည်ဟု ကျွန်တော်ဆိုလိုက်ချင်သည် ။ စာရေးကြရာတွင် ‘လက်’ လည်းကောင်းမှ ၊ ‘စန်း’ လည်းကောင်းမှ ထင်ပေါ်ကျော်ကြားရေပန်းစားသည့် အဖြစ်မျိုးသို့ လျှင်မြန်စွာ ရောက်တတ်သည် ဟု ထင်မိသည် ။ အချို့မှာ ‘လက်’ ကောင်းပါလျက် ‘စန်း’ မထွက်သောကြောင့် လျှမ်းလျှမ်းတောက် မဖြစ်ဘဲ သူလိုငါလိုမျှသာ ဖြစ်နေရသည့် စာရေးဆရာမျိုးလည်း ရှိတတ်သည် ။

သန်းမြင့်အောင်သည် ‘လက်’ ရှိပါလျက် ‘စန်း’ မထွက်သေးသော ဂတ္ထုတို ဆရာမဟု ကျွန်တော် ဆိုလိုက်ချင်သည် ။ သို့သော် ဤစာအုပ်သည် သူ၏ ‘လက်’ ကို သေချာ မြင်သာစေသောကြောင့် ‘စန်း’ ထွက်စေလိမ့်မည်ဟု ကျွန်တော် ယုံကြည်မိသည် ။

သန်းမြင့်အောင်သည် ဂတ္ထုရေးရန် ကြိုးစားသူ မဟုတ်။ လောကတစ်ခွင်သွားလာ လှုပ်ရှားရင်း တွေ့ရကြုံရသည် တို့ ကြောင့် သူ့ရင်ထဲ၌ ခံစားမိသမျှကို မနေနိုင် မထိုင်နိုင် ပြန်ပြောချင်လှသဖြင့် ဂတ္ထုတို ပုံသ

ဏ္ဏာန်ကို ဆွဲယူ အသုံးချလိုက်ခြင်းပင်ဖြစ်ပါသည် ။

သူ့အတွေ့အကြုံတို့ ကလည်း လူငယ်လူရွယ်တို့ ၏ ရင်လှိုက်ဖိုမောရသော အတွေ့အကြုံမျိုးမဟုတ်။ ဒါဖြင့် လောက အနိဋ္ဌာရုံ တွေလားဟု မေးလိုက်ပြန်တော့လည်း ထိုသို့မဟုတ်။ ဒါဖြင့် အနိဋ္ဌာရုံတွေ မပါဘူးလား ဆိုလိုက်ပြန်တော့လည်း အတော်ကြီးကို များများ ပါသည် ဟု ပြောရပြန်ပေဦးတော့မည်။ သို့သော် အနိဋ္ဌာရုံတွေကို ပြောပြရာ၌ ပင် မေတ္တာသဘော။ ယောနိသောမနသီကာရဆိုသည့် သင့်တင့်လျောက်ပတ်သော စိတ်နှလုံးထားနှင့် ပြောသောကြောင့် အနိဋ္ဌာရုံဟု ပင် မထင်မှတ်ရတော့ဘဲ သူ့လေသံကို သံယောင်လိုက်ကာ 'အေးလေ.... ဒီလိုပဲပေါ့' ဟု ကိုယ်ကပါ 'ယောနိသော' အတွေးဝင်လာမိသည် ။

အချို့သော ဇာတ်ကောင်တို့ ၏ 'စရိုက်' များမှ ထူးထူးခြားခြား ပီပြင်လှသောကြောင့် 'ဒီကောင်မလေး ဘယ်လိုလုပ်ပြီး ဒီစရိုက်တွေကို ရလိုက်ပါလိမ့်' ဟု ကျွန်တော်ကိုယ်တိုင် အံ့အားသင့်မိသည် မှာ အမှန်ပင်ဖြစ်ပါသည် ။ ကျွန်တော်ပြောလိုက်သည် ကို 'မွှမ်း လိုက်လေ' ဟု ရုတ်တရုတ် မထင်လိုက်ပါလေနှင့်။ သေချာဖတ်ပြီးမှ ဆုံးဖြတ်စေချင်ပါသည် ။

သူ့ဝတ္ထုအချို့တွင် အဆုံးသတ်တွင် မှ ရုတ်တရုတ် ကောက်ဖော်လိုက်သော မြှုပ်ကွက်ကလေးတွေ ပါသည် ။ သို့သော် သူ့မြှုပ်ကွက်မှာ စုံထောက်ဝတ္ထုတို့ လျှို့ဝှက်သည်းဖို ဝတ္ထုတို့လို ဝတ္ထုထဲက မြှုပ်ကွက်မျိုး မဟုတ်။ စာဖတ်သူကို ချစ်မြတ်နိုးစွာ ကျီစယ်ထားသော မြှုပ်ကွက်မျိုးဖြစ်သည် ။ 'အဖော်' ဆိုသော ဝတ္ထုတို့ တွင် ထိုသဘောကို သေချာတွေ့နိုင်သည် ။

'အထူအပါး' ဆိုသည့် ဝတ္ထုတိုကို သတိထားပြီး ဖတ်ကြည့်လိုက်စေချင်သည် ။ မည်သည့် ရသကို ပေးသနည်း ဆိုသည် ကိုလည်း ပြန်လည်

သုံးသပ်စေချင်ပါသည် ။ ကျွန်တော်ပြောခဲ့သည့် ‘ယောနိသော’ ဆိုသည့် ခံစားမှုအပြင်၊ ရယ်ပဲ ရယ်လိုက်ရတော့မလိုလို၊ တရားပဲ ကျလိုက်ရမလိုလို ဖြစ်၏ မ ဖြစ်၏ ကိုလည်း သေချာသုံးသပ်ကြည့်လိုက်ကြစေချင်ပါသည် ။ သည် လို ဆိုလိုက်ကတည်းက ကျွန်တော်ကိုယ်တိုင် အဲသည် လို ခံစားမိလို့ သာ ပြောခြင်းဖြစ်ကြောင်း စာဖတ်သူတို့ သိနိုင်ပါပြီ။ သည်တော့ ဖတ်ကြည့်ပါ။ ထိုဝတ္ထုတွင် သန်းမြင့်အောင်၏ ‘လက်’ စွမ်းကို သေချာမြင်ရသည် ဟု ထင်မိသည် ။

ကျွန်တော် ထပ်ပြီး ဆိုလိုလိုက်ပါရစေဦး။

သန်းမြင့်အောင်သည် ‘လက်’ ရှိပါလျက် ‘စန်း’ မထွက်သေးသော ဝတ္ထုတို ဆရာမဟု ကျွန်တော်ဆိုလိုက်ချင်သည် ။ သို့သော် ဤ စာအုပ်သည် သူမ၏ ‘လက်’ ကို သေချာမြင်သာစေသောကြောင့် ‘စန်း’ ထွက်ပေလိမ့်မည်ဟု ကျွန်တော် ယုံကြည်မိသည် ။

**အောင်သင်း**

**၁၂-၆-၉၅**

♥ ♥ ♥

## ခင်ဆွေဦး၏ အမှာ စာ

(၁)

စာရေးဆရာမ ‘သန်းမြင့်အောင်’ ကို ‘အထူးအပါး’ (၁၉၉၃ ခုနှစ် မေလထုတ် ရင်ခုန်ပွင့် မဂ္ဂဇင်း) က စပြီး သတိထားမိလာပါတယ်။ သူရွေးချယ်သွားတဲ့ အကြောင်းအရာကလည်း တခြားစာရေးဆရာတွေ

ရေးရိုးရေးစဉ် မဟုတ်တဲ့ အပြင် တင်ပြပုံကလည်း ခပ်ဆန်းဆန်း နာမည်ပေးထားပုံကအစ ဆန်းနေပါတယ်။ သူ့ရဲ့ ဝတ္ထုတိုကို စထားပုံကို က .........

'အလောင်းထုတ်ရန် နှစ်ဦးဘာသာဝင်ပါ' ဟု ဆေးအပြာနှင့် ရေးထားသော မှန်တံခါးချပ်ရှေ့မှ ခုံးတန်းလျားလေးပေါ်ရှိ ပန်းခြင်းလှလှကြီး ကို 'ပေတိုး' ကြည့်မဂဖြစ်နေသည် ။ စိတ်ဝင်စားဖွယ်ဖြစ်နေသည် ။

အမှန်ကတော့ ရန်ကုန်မြို့ပြကြီး လူမှုအဖွဲ့အစည်းမှာ ဖြစ်ရိုးဖြစ်စဉ်ဖြစ်နေတဲ့ 'အသုဘ' တွေမှာ ဝမ်းရေးအတွက် လှုပ်ရှားနေရတဲ့ လူတစ်စုရဲ့ အဖြစ်သနစ်ပါပဲ။ အသုဘ ပန်းခြင်းများ နဲ့ အသက်မွေဝမ်းကြောင်းပြုနေတဲ့ လူငယ်လေးရဲ့ ဘဝဟာ သနားစရာလည်းကောင်းရဲ့ ၊ ရယ်စရာလည်းကောင်းရဲ့ ၊ အခြေခံလူတန်းစားဖြစ်တဲ့ လူ့ဘဝ လူ့စရိုက်ကို သိသိသာသာနဲ့ ထင်ရှားပေါ်လွင်အောင် ရေးဖွဲ့သွားတာပါပဲ။ ပြင်သစ်စာရေးဆရာကြီး အလ်မလီဇိုလာ(EMILY ZOLA) ပြောခဲ့သလိုပဲ သူရေးတာတွေဟာ လူတစ်စုအတွက်လည်း မဟုတ်ဘူး ။ ဝါဒဖြန့်ချိရေးအတွက်လည်း မဟုတ်။ သူ့လုပ်ရပ်တွေဟာ အမှန်တရားတွေကို ရေးဖွဲ့တာတွေပါတဲ့ ။

My works is not a work of a partly, nor of propaganda; it is work of trurh.

သန်းမြင့်အောင်ရဲ့ ဝတ္ထုတိုတွေဟာ ပကတိအမှန်အရှိတရားကို ရိုးရိုးသားသား သဘာဝကျကျ၊ ထုတ်ဖော်ရေးသွားတာမို့ကျွန်မ စောင့်ဖတ်နေမိပါတယ်။ 'စိတ်ဈေး' (ရင်ခုန်ပွင့်)၊ တစ်ဆယ်တန်မျက်လှည့်(သောင်းပြောင်းထွေလာ)၊ ထောင်ကျဉ်း ထောင့်ကျယ်(ပန်းဝေသီ)၊

စီးမျောဆန့်ကျင် (ပန်းဝေသီ)၊ကျားကန်တဲ့ ကျူရိုး (ရွှေဝတ်မှုန်)၊ အဖော် (လုံမလေး)၊ ယင်….. ရင်ခုန်သံ (စံပယ်ဖြူ)၊ ဆိုးညံ့ဖြစ်စဉ် (စံပယ်ဖြူ)၊ စာပေဂျာနယ်မှာ ပါတဲ့ 'ပြိုင်မျဉ်းများ ' အထိ ကျွန်မ သတိထားမိနေပါတယ်။

အစကနဦး သူ့ကို မတွေ့ဖူးခင်တုန်းက အမျိုးသားလို့ တောင် ထင်ခဲ့မိပါတယ်။ သူတွေးပုံနဲ့ ရေးပုံတွေဟာ အမျိုးသမီး တစ်ယောက်ရေးဖွဲ့ပုံနဲ့ မတူပဲ လူ့ဘဝကို ကျယ်ကျယ်ပြန့်ပြန့်ဖြတ်သန်းနေတဲ့ ယောကျာ်းလေးတစ်ယောက်နဲ့ တူနေလို့ ပါ။ နောင်မှ အသက် ၃၅ နဲ့ ၄၀ ပတ်ဝန်းကျင် အမျိုးသမီးတစ်ယောက်ဖြစ်နေလို့ အံ့သြနေမိတယ်။ နောက်ပြီး မြန်မာပြည်မှာ (Symoblism) ကို အသုံးပြုပြီး ရေးတဲ့ စာရေးဆရာမတွေထဲမှာ သန်းမြင့်အောင်လည်း တစ်ဦးအပါအဝင်ဖြစ်ပါတယ်။ အရင်တုန်းက စာရေးဆရာ မောင်ရန်ပိုင်၊ကြူးနှစ်၊ သစ္စာနီ၊ နောက်ပိုင်း ဂျူဇော်တို့အထိ Symbolism ကို အသုံးချရေးခဲ့ကြပြီး မိန်းကလေးတွေထဲမှာ တော့ ရှားရှားပါးပါး မဝင့်(မြစ်ငယ်) နဲ့ သန်းမြင့်အောင်တို့ ဖြစ်ကြပါတယ်။ ဝင်းဝင်းမြင့်(နန်းရှေ့)လည်း တစ်ခါတစ်ခါ ရေးလေ့ရှိတတ်ပါတယ်။ ကျွန်မ လက်လှမ်းမှီသလောက်ပြောရတာ ပါ။ ဒီလိုမျိုးရေးဖွဲ့သူတွေဟာ ဖောက်ပြန်ပျက်စီး ယိုယွင်းနေတဲ့ လူ့ဘောင်အဖွဲ့အစည်းကို အပြစ်ရင်းကနေ ကိုင်နှဲ့နေသူများ ဖြစ်ကြလိမ့်မယ်လို့ ကျွန်မ တင်စားမိပါတယ်။

'တစ်ဆယ်တန် မျက်လှည့်' မှာ ခေတ်သရုပ်ကို ပေါ်လွင်အောင် သင်္ကေတနဲ့ ရေးသွားတာဖြစ်ပါတယ်။ ယင်….. ရင်ခုန်သံမှာ လည်း သည် အတိုင်းပဲ။ အညီအင်မတန်ကြိုက်တဲ့ ယင်ကော်ဟာ သူ့ထက်သာအောင် 'ရာဂ' ညီစော်နံတဲ့ လူတွေကို ရွံ့ရှာမုန်းတီးပုံကို ရေးဖွဲ့ခဲ့တာ ဟာသများ လည်း ပေါ်လွင်ပါတယ်။

‘လမ်းတစ်လျှောက်လုံး ကျွန်တော် မုန်းမုန်းနဲ့ အဲဒီ လူကြီး ကသိက အောင့်ဖြစ်အောင် သူ့ရဲ့ နားရွက်ဖျားတွေ၊ မျက်ခွံတွေ၊ လည်ပင်းပေါ် တွေ လျှောက်သွား လျှောက်နားပစ်လိုက်တယ်၊ လက်နှစ်ဖက်လုံးမအား တဲ့ လူကြီးဟာ ခေါင်းကို ဆတ်ခနဲ ဆတ်ခနဲ ဘယ်တစ်လှည့် ညာတစ်လှ ည့် ခါခါနေရတယ်။ သူ့ရဲ့ အဆီပြန်နေတဲ့ မျက်နှာကြီးဟာလည်း ချောပြောင်နေတာပဲ’

♥ ♥ ♥

## (၂)

စာပေဂျာနယ်ထဲက ‘ပြိုင်မျဉ်းများ ’ ဂတ္ထုထဲက သူခိုးဖမ်းတဲ့ ကိစ္စမှာ လည်း အင်မတန် အပြ ‘လှ’ တယ်။ မနိုင်းစရာ နှိုင်းသာလို့ တော့ မဟု တ်ပါဘူး။ ဒါမျိုးကို တရုတ်အမျိုးသား စာရေးဆရာကြီး ‘လူရွှန်း’ လည်း လုပ်လေ့ရှိပါတယ်။

‘အားလုံး သိပ်မလောကြနဲ့ ၊ မှောင်ထဲမှာ ရမ်းပြီး လျှောက်ရှာနေရင် သူခိုးက ကိုယ့်လူတွေနဲ့က ရောသွားမယ်။ သို့မဟုတ် အန္တရာယ်လည်း ပြန်ပြုနိုင်တယ်။ ပြီးတော့ မြွေပါးကင်းပါးလည်း ပူရတယ်... အိမ်တိုင်း၊ အိမ်တိုင်းရဲ့ ရှေ့ပေါက်နောက်ပေါက်တွေရယ်၊ ခြံစည်းရိုးပတ်လည်နဲ့ ဝ င်ပေါက်ထွက်ပေါက်တွေရယ်မှာ တို့ လူတွေအားလုံး အဆင်သင့်စောင့် နေကြ၊ မကြာခင် မိုးလင်းတော့မှာ ၊ သွေးအေးအေးနဲ့ စောင့်ကြည့်ကြ၊ သတိတော့ လက်မလွှတ်စေနဲ့ ၊ အလင်းရောင်လာရင် သူခိုးဟာ ဘယ် နေရာမှ ဝပ်နေကွယ်နေလို့ မရတော့ဘူး၊ ဘွားဘွားကြီးကို ပေါ်လာရ တော့မှာ အခု ဒီကောင်တို့ ခြံထဲမှာ ပိတ်မိနေတာ သေချာသွားပြီ’

‘စိတ်ဈေး’ ဝတ္ထုရှည် (ရင်ခုန်ပွင့်) နဲ့ ထောင့်ကျဉ်းထောင့်ကျယ် ဝတ္ထုတို (ပန်းဝေသီ) ထဲမှာ လည်း ကိုယ်စားပြု ဇာတ်ကောင်တွေနဲ့ ခေတ်ကို မှတ်တစ်ချပ်လို ထောက်ပြရေးဖွဲ့သွားခဲ့ပါတယ်။ ထောင့်ကျဉ်းထောင့်ကျယ်မှာ မထိခလုတ် ထိခလုတ် ဟာသ အဖွဲ့အနွဲ့တွေကိုလည်း တွေ့ရပါတယ်။ လူ့ဘောင်က ဖောက်ပြန်နေတဲ့ ခူတွေ့ ပြတ်ရယ်ပြုတဲ့ နေရာမှာ အင်မတန် အကွက်စေ့ပါတယ်။

‘စီးမျော ဆန့်ကျင်’ ဆိုတဲ့ ဝတ္ထုတို (ပန်းဝေသီ) မှာ လည်း ရေခဲတိုက်ထဲက အလောင်းတွေ အကြောင်းကို သံဝေဂ အရေးအဖွဲ့တွင် မကဘဲ လူအမျိုးမျိုးရဲ့ ကွဲပြားခြားနား စရိုက်အသီးသီးကို အတော်စုံလင်အောင် ရေးဖွဲ့ခဲ့ပါတယ်။

ဤခန်းမထဲရှိ လူအားလုံးတွင် အသက်အကြီးဆုံးမှာ သူဖြစ်သည် ။ သီလကောင်း၍ အသက်ရှည်မည်ဆိုပါက သူ့အတွက်တော့ ထိုသီလသည် ယခင်ဘဝ၏ အကျိုးသက်ရောမှု ဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သည်ဘဝတစ်လျှောက်တွင် မူ မုသာဝါဒကို တံခွန်ထူပြီး အာဃာတကို ကိုးကွယ်သူသာတည်း။

စာရေးသူ၏ စိတ်ကူးနဲ့ အတွေးတွေဟာ လူ့သဘာဝနဲ့ နီးစပ်နေရင် ဘယ်အချိန်ပဲ ဖတ်ဖတ် ရိုးသွားတယ် မရှိဘူး။ သန်းမြင့်အောင်က လူ့သဘာဝတွေ ခပ်ရိုးရိုးပဲ ရေးသွားတာပါ။ ဒါပေမယ့် ဒီရိုးသားပြီး စေတနာအရင်းခံနဲ့ ရေးခဲ့တဲ့ အနုပညာ ဖန်တီးမှုဟာ ရေရှည်ခံလိမ့်မယ်လို့ ထင်စားခဲ့ပါတယ်။

သည် လူတွေ အားလုံးမှာ တစ်ဦးချင်းစီ၏ ဖြတ်သန်းလာခဲ့သော ခရီးတွင် အတွေ့အကြုံအမျိုးမျိုး၊ လုပ်ရှားမှု အသွယ်သွယ်၊ ပိုင်ဆိုင်မှု ပမာဏ အချိုးတွေ မတူညီကြသလို ပညာအရည်အချင်း၊ လူ့အဆင့်အတန်း၊

စိတ်နေစိတ်ထား၊ သဘောသဘာဝတို့ သည် လည်း ညီမျှကြလိမ့်မည် မဟုတ်။ မည်သူ့ကို မဆို ခြေချခွင့် ပြုခဲ့သော ဘက်မလိုက် မြေသားပေါ်တွင် တော့ သူတို့ တစ်တွေ၏ ခြေရာအဖိအဖော့၊ အတိမ်အနက်တို့ က စွဲထင်ကျန်ရစ်ခဲ့ကြမည်ပင်။ ဤ ခန်းမထဲ နားခိုနေစဉ်အတွင်းမှာ တော့ သူတို့ အားလုံး ယခင်က ကိုယ်တိုင်ပုံစံများ နှင့် သွင်သွင်ဆန့်ကျင်ကာ အေးချမ်းလို့ နေသည် ။ အတ္တမရှ၊ မာန မရှိ၊ လောဘမရှိ၊ ဒေါသမရှိ၊ အကြင်နာမရှိ၊ မေတ္တာမရှိ၊ ခံစားမှုမဲ့၊ ဗလာမျက်နှာ သက်သက်ဖြင့် အရှက်တရားကိုပါ ဥပက္ခာပြုလျက်ရှိချေသည် ။ သူတို့ အတွက် ယာယီရထားသော နေရာ အသီးသီးတွင် အဝတ်မဲ့ ခန္ဓာများ ဖြင့် နေသားတကျရှိနေကြသည် မှာ ဘဝနိဂုံး၏ နောက်ဆုံး တူညီမှု အနှစ်သာရပင်။

♥ ♥ ♥

## (၃)

ဆင်းရဲတဲ့ မုဆိုးမလေးတစ်ယောက်ရဲ့ ရှန်းကန်လှုပ်ရှားမှုအတွက် သူ့အဖော်မွန် 'အပ်ချုပ်စက်' ပေါ်ထားရှိတဲ့ မုဆိုးမလေးရဲ့ အတွေးဟာ ' အဖော်' (လုံမလေး) ဆိုတဲ့ ဝတ္ထုထဲမှာ ဂရုဏာသက်ဖွယ် ရေးခဲ့တဲ့ အပြင် ကျေးဇူးကို ကျေးဇူးမှန်းသိတတ်တဲ့ လူသားတစ်ယောက်ရဲ့ သစ္စာတရားကို ဖော်ကျူးခဲ့ပါတယ်။

'တကယ်တော့ ရှင်နဲ့ တွေ့မှ ကျွန်မတို့ သားအမိတွေ လူတန်းစေ့ခဲ့ရတယ်။ ရှင်နဲ့ ကျွန်မ ဘဝခရီးဖော် ဖြစ်ခဲ့ရခြင်းက ကျွန်မ သမီးလေးနှစ်ယောက်ကို လူသားမြောက်စေခဲ့တာ မဟုတ်လား။ ရှင့်ကြောင့် ကျွန်မ နေပူမရှောင် မိုးရွာမရှောင် ဈေးဗန်းခေါင်းရွက်ကတော့မယ့်ဘဝကနေ

လွတ်မြောက်ပြီး အရိပ်အာဂသအောက်မှာ တည်တည်တံ့တံ့နေနိုင်ခဲ့တာ မဟုတ်လား။ အဲဒီ ရှင့်ရဲ့ ကျေးဇူးတွေကို ကျွန်မ တစ်သက်မေ့နိုင်ပါ့မလားရှင်'

သက်ရှိမဆိုထားနဲ့ ၊ သက်မဲ့ဖြစ်တဲ့ အရာဝတ္ထုတွေ၊ ဥပမာ ကိုယ်သောက်တဲ့ ရေအိုးစင်၊ သစ်ပင်အရိပ်၊ စားတဲ့ ပန်းကန်၊ အဝတ်အထည်၊ ဖိနပ်က အစ ကျေးဇူးသိတတ်ဖို့ ကျွန်မတို့ မြန်မာ့ ယဉ်ကျေးမှု အစဉ်အလာ သင်ကြားပါတယ်.....

သီလသစ္စာ

ရှိခါရှေးဦး

လူ့ကျေးဇူးကို

အထူးသိပါ

ရှင်ချမ်းသာကြောင်း

ဗုဒ္ဓဘုရား အာမခံသည် ။

ရယ်လို့ ကျွန်မတို့ ဆရာသမားများက သည် အတိုင်း ဟောပြောသင်ကြားခဲ့တယ် မဟုတ်လား။ လူတွေမှာ ကျေးဇူးသိမှ သစ္စာတည်မယ်၊ သစ္စာတည်မှ လည်း သီလလုံခြုံမယ်။ ဒါတွေကို ဗုဒ္ဓရဲ့ သုတ္တန်တွေမှာ ဥပမာတွေနဲ့ ဟောကြားတော်မူတာပဲ ။ လူရော စိတ်ရော ချူချာလာနေတဲ့ တစ်နေ့မှာ .........

'ဟုတ်တယ်၊ ကျွန်မ နားရတော့မယ်၊ ရှင့်ကိုလည်း ကျွန်မလည်း အနားပေးချင်နေပါပြီ၊ ရှင်လည်း ကျွန်မတို့ ကို ပင်ပန်းကြီးစွာ ရှာဖွေကျွေးမွေးခဲ့ပြီးပြီ၊ ဒါကြောင့် ရှင်လည်း ချူချာနေပြီ မဟုတ်ာလား။ ရှင်နားဖို့ အချိန်တန်ပြီ၊ နားလိုက်တော့နော်၊ ပြီးတော့ ကျွန်မရဲ့ မျက်စိအောက်မှာ

ပေါ့....'

သူ့ကျေးဇူးရှင် စက်ကလေးကို မရောင်းရက်တော့ဘဲ သိမ်းထားတဲ့ အကြောင်းကို ရေးဖွဲ့ခဲ့ပါတယ်။

♥ ♥ ♥

## (၄)

သန်းမြင့်အောင်၏ ဂုတ္တုတိုတိုင်းကောင်းလှချည်ရဲ့ ဟု ကျွန်မ မဆိုလိုပါ။ သူ့ရဲ့ ဂုတ္တုအချို့ကို မကြိုက်နှစ်သက်နိုင်တာကလည်း ရှိပါလိမ့်မည်။ သူ့ရဲ့ ဂုတ္တုတိုတိုင်း အပြစ်အနာအဆာ ကင်းချင်မှ ကင်းပါလိမ့်မယ်။ သို့သော် သူ့ရဲ့ ဂုတ္တုတိုတိုင်းမှာ တော့ သူ့ရဲ့ ရိုးသားမှုနဲ့ စေတနာတို့ ကို မြင်နေရတဲ့ အတွက် ဂုတ္တုတိုလောကမှာ အချိန်တိုတိုနဲ့ သူဟာ ရှေ့တန်းရောက်လာတယ်လို့ တော့ ကျွန်မဆိုချင်ပါတယ်။

သန်းမြင့်အောင် ရှေ့ဆက်ဖြန်သန်းဖို့ ဘဂခရီးကြောင်း အတွေ့အကြုံအပြင်၊ စာအတွေ့အကြုံလည်း လိုလိမ့်မယ်လို့ ထင်ပါတယ်။ အနုပညာသည် တစ်ဦးမှာ ဂမ်းစာတွေ ထုတ်သုံးပြီး ဂမ်းစာ ပြန်ဖြည့်တင်းဖို့ လိုလိမ့်မယ်လို့ လည်း ထင်ပါတယ်။ ခပ်ရိုးရိုးပြောရရင် စာများများ ဖတ်ဖို့ လိုပါတယ်။ ကမ္ဘာ့ဘာသာပြန်ဂုတ္တုများ သာမက၊ ခေတ်ပြိုင်စာရေးဆရာများ ရဲ့ စားများကိုပါ ဖတ်ရတော့မှာ ဖြစ်ပါတယ်။ စာမဖတ်တဲ့ စာရေးဆရာနဲ့ တခြားအနုပညာသည် တွေဟာ ဘယ်နည်းနဲ့ မှ ပညာရဲရင့် ပွဲလည် မတင့်နိုင်ပါဘူး။ ဒါကြောင့်သန်းမြင့်အောင်ဟာ စာများများ ဖတ်ပြီး အတွေ့အကြုံတွေကို အမိအရ ဖမ်းမိနိုင်ဖို့ အရေးပါတယ်။ အော်စကာဝိုင်းရဲ့ ဆရာဖစ်တဲ့ ဝေါလ်တာလကာ ဆိုတဲ့ ပုဂ္ဂိုလ်က

ပြောဖူးတယ်.....

အတွေ့အကြုံဟာ အရေးကြီးဆုံးပဲ။ အတွေ့အကြုံမှာ ကြည်နူးနေရတဲ့ အဖြစ်ကို မဆုံးရှုံးစေနဲ့ ။ အဲဒီ မီးလျှံကို ဆက်လက်တောက်လောင်နေပါစေ။ ဒါဟာ ဘဝအတွက် အောင်မြင်ရေးပဲတဲ့

**ခင်ဆွေဦး**

♥ ♥ ♥

# မောင်ညိုပြာ၏ အမှာ စာ

## (၁)

မ ဂ ၈ ဧ င ်းစ ၁မ ၂က ်န ၂၁မ ၂၁ ဖော်ပြမယ်ဆိုတဲ့ တွေ့ဆုံဆွေးနွေးဝိုင်းတစ်ခုမှာ ကျွန်တော် ဒီလိုပြောဖူးပါတယ်။ မေးခွန်းတစ်ခုကို ဖြေလိုက်တာပေ့ါ။ အဲဒီ မေးခွန်းကတော့ 'အတွေ့အကြုံဖြတ်သန်းခြင်းကို ဘယ်လို သဘောရသလဲ' ဆိုတဲ့ မေးခွန်းပါပဲ။

'နို့စို့ကလေးအရွယ်မှာ ဘာမှ အတွေ့အကြုံမရှိတော့ ဘာမှ ပြောလို့မရဘူး။ အကြောင်းအရာရော ပုံသဏ္ဌာန်ရော မရှိဘူး။ အသက် ၂ နှစ်ခွဲလောက်ကျတော့ သူ့အတွေ့အကြုံလေးတွေကို သူ့မိခင်ကို ပြန်ပြောပြပါတယ်။ အကြောင်းအရာရော ပုံသဏ္ဌာန်ပါ အနည်းအကျဉ်းရှိ လာပြီ။ ၅ နှစ် ၆ နှစ် အရွယ်ရောက်လာတော့ ကျောင်းအပ်ပြီး ကျောင်းက အတွေ့အကြုံတွေကို သူ့အမေကို ပြန်ပြောပြတတ်ပြီ။သဘာဝအလှခြယ်ထားတဲ့ အနုပညာအရိုင်း၊ သို့မဟုတ် အနုပညာ အကြမ်းထည် ပုံစံတွေ ပွင့်ဖူးနေပြီ။ တကယ်တော့ နေ့စဉ်နဲ့ အမျှ အကြမ်းထည်တွေ

ကမ္ဘာလောကကြီးထဲ စီးဝင်နေတာပါ။ ဒါကို ဖမ်းဆယ်ပြီး အနုပညာအ ယဉ် ဖြစ်သွားအောင် အတတ်ပညာတစ်မျိုးနဲ့ စီမံရတာ ပေ့ါ’ လို့ ကျွန် တော် ဖြေခဲ့တယ်။

ဒါက ဘာကို ပြောချင်သလဲဆိုရင် အတွေ့အကြုံနဲ့ အတတ်ပညာကို ပြောချင်တာပေ့ါ။

ကမ္ဘာကြီးထဲကို စီးမျောဝင်လာတဲ့ အနုပညာအရိုင်းတုံးကလေးတွေ ကို ဆယ်နေတဲ့ နေရာမှာ စာပေ အနုပညာသမားတွေဟာ တစ်ယောက် နဲ့ တစ်ယောက်မတူဘူး။ တစ်ချို့က ဈေးပေါတဲ့ ဟာတွေကို ဆယ်တယ်။ တစ်ချို့က ရှားပါးတဲ့ ပစ္စည်း ရအောင် ရှာတယ်။ တစ်ချို့ကျ စိတ်ကူးရမှ တစ်ခါတစ်လေ ဘဝ ရှာတယ်။ ကြိုးကြိုးစားစား လျှင်လျှင်မြန်မြန်နဲ့ လို ချင်မက်မောစိတ် အပြည့်နဲ့ မျောနေတဲ့ အနုပညာအရိုင်းတုံးတွေကို စစ် ရမှာ ပဲ။ ပြီးတော့ အနုပညာအယဉ်ဖြစ်အောင် သွေးယူရမှာ ပေ့ါ။ ဒီလို ဆယ်တဲ့ အခါမှာ အရိုင်းမှာ ကိုက အယဉ်တုံးဖြစ်လာနိုင်တဲ့ အရည်အ သွေးမရှိဘူးဆိုရင် သူဆယ်လိုက်တဲ့ အနုပညာအရိုင်းတုံးတွေရဲ့ ပင်ကို အရည်အသွေး ညံ့ဖျင်းလို့ ပါပဲ။ တစ်ဆယ်သားပဲ ဆံ့တဲ့ ခွက်ထဲကို ငါးဆ ယ်သား ဘယ်လိုလုပ် ဆံ့မှာ လဲ။ ဒီတော့ ဆယလိုက်တဲ့ အရိုင်းတုံးတွေ ထဲမှာ အလှအပဟာ ငါးကျပ်သားပဲ ရှိတာကို ဘယ်လိုလုပ် ဒီထက်ပို အောင် လုပ်လို့ ရမှာ လဲ။

ကျွန်တော် အခုရေးတဲ့ မူတွေထဲက တစ်ခုကတော့ ကမ္ဘာကြီးထဲ စီး မျောဝင်လာတဲ့ အနုပညာအရိုင်းတုံး (အကြောင်းအရာ အရိုင်းတုံး) ကို သူ့ထဲမှာ ရှိတဲ့ အလှအပအားလုံး အလေအလွင့် မရှိအောင် ထုတ်ယူဖို့ ပါ ပဲ။ တစ်ခါတလေ အလေးချိန်စီးတဲ့ အနုပညာ၊ သို့မဟုတ် အကြောင်းအ ရာ အရိုင်းတုံးကြီးတွေကို ဆယ်ယူရလိုက်တယ်။ အထဲမှာ လည်း အလှ

အပ ပစ္စည်းတွေပြည့်လို့ ကံကောင်းတာပေ့ါ။ လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။

ဆရာမ သန်းမြင့်အောင်ကို ကျွန်တော် လေ့လာမိသလောက်ကတော့ သူဟာ သူဆယ်ယူလိုက်တဲ့ အနုပညာအရိုင်းတုံးတွေထဲမှာ အလှအပပစ္စည်းတွေကို အလေအလွင့် မရှိအောင် ကုန်စင်အောင် ထုတ်ယူနိုင်တယ်လို့ ထင်ပါတယ်။ ဒါပေမယ့် သူဟာ အလေးချိန်စီးတဲ့ အနုပညာအရိုင်းတုံးတွေကို ဆယ်နေဆဲပဲ။ မမိသေးဘူး။

သူ့ဂတ္ထုတွေထဲမှာ မှန်သူများ နဲ့ ခံရသူများ အတွက် စေတနာရယ်၊ မှားသူများ နဲ့ စော်ကား အနိုင်ယူသူများ အတွက် ဝေဒနာရယ် နှစ်မျိုးယှဉ်သန် မွေးဖွားပေးဖို့ အတွက် ရေခံမြေခံကောင်းတဲ့ 'ရင်' ကိုတော့သူ့ဂတ္ထုတွေထဲမှာ ရှင်းရှင်းဘွင်းဘွင်းကြီးတွေ့နေရတာ ဆိုရင် အာရုံစိုက်စရာတောင် မလိုပါဘူး။ ဒီလိုစေတနာမျိုး၊ ဒီလိုအကြောင်းအရာမျိုး၊ ဥပမာအားဖြင့် ခံရတဲ့ လူဘက်က စာနာထောက်ထားသနားမယ်၊ စောင့်စားအနိုင်ယူသူတွေကို စောင်းမြောင်းသရော်မယ်ဆိုတဲ့ မူနဲ့ စာရေးတဲ့ စာရေးဆရာ ကဗျာဆရာတွေ အနစ်နာ ခံကြရတယ်။ လူကြိုက်မများတတ်လို့ စီးပွားလည်း မဖြစ်တတ်ပါဘူး။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် တစ်ချို့လူတွေက သူတို့ ကို ကောင်းကောင်း ကြီး မှတ်မိနေတတ်တယ်။ ကျန်တဲ့ ရိုက်ခတ်မှုတွေ၊ ပတ်ဝန်းကျင်ကို ဘေးဖယ်ပြီး အနှစ်သာရနဲ့ တန်ဖိုးကို ပြောပြရမယ်ဆိုရင် ဒီလိုစိတ်ဓာတ်မျိုးနဲ့ စာရေးကြတဲ့ စာရေးဆရာတွေကို လေးစားဦးညွတ်ရမှာ ပဲ။ ဒီကစ္စကတော့ နှလုံးသားမှာ ဖြတ်ဖြတ်ပြေးနေတဲ့ စေတနာကို ဖမ်းဆုပ်ပြီး ဆယ်ယူရတာ မျိုး ဖြစ်တယ်။ အဲဒီ လို စေတနာတုံးတွေကို ဆယ်နေတဲ့ နေမှာ တော့ ဆရာမ သန်းမြင့်အောင်ဟာ သိပ်ကို အလေးချိန်စီးနေတဲ့ စေတနာ ရတနာတုံးတွေကို မိထားပြီလို့ သူ့ဂတ္ထုကို ဖတ်ပြီး နားလည်မိပါတယ်။

♥ ♥ ♥

(၂)

ဝတ္ထုဆိုတာ အောင်သွယ်လုပ်ခြင်း တစ်မျိုးပါပဲ။ တစ်ဖက်သားဟာ ဘယ်လောက်ချစ်တယ်၊ နေ့တိုင်း မျက်ရည်နဲ့ မျက်ခွက်ဖြစ်နေရပြီ၊ ဘယ်လောက်သစ္စာရှိတယ်။ ဘယ်လောက်ရိုးသားတယ် ကြိုးစားတယ်ဆိုတာကို တစ်ဖက်သားကျသွားအောင် လက်ခံသွားအောင် စည်းရုံးသိမ်းသွင်းပေးရလို အောင်သွယ်နဲ့ တူတဲ့ ဝတ္ထုတိုရေးဆရာဟာလည်း အကြောင်းအရာနဲ့ ပုံသဏ္ဍာန်ဟာ ချစ်သူနှစ်ယောက်ညားသွားအောင် လက်ထက်ထိမ်းမြားဖြစ်အောင် အောင်သွယ်က လုပ်ပေးတဲ့ အခါမှာ အောင်သွယ်ရဲ့ အရည်အချင်းက ပေါ်လာမှာ ပဲ။ အချစ်ရေးမှာ အောင်သွယ်၊ နိုင်ငံရေးမှာ တော့ စေ့စပ် ဖျန်ဖြေရေးသမားလို့ တော့ခေါ်မှာ ပေ့ါ။ သူကတော့ ငြိမ်းချမ်းရေးကို ဦးတည်ပြီး စည်းရုံးမှာ ပါပဲ။ အချစ်ရေးမှာ တော့ ချစ်သူနှစ်ယောက်ဟာ ရင်ပေါင်တန်းတဲ့ အနေအထား သာတူညီမျှ ဆက်ဆံရေးရှိတယ်။ တစ်ယောက်နဲ့ တစ်ယောက်ပိုပြီး အခွင့်အရေးရှိတယ်လို့ မတောင်းဆိုချင်ဘူး။ အကြောင်းအရာနဲ့ ပုံသဏ္ဍာန်ကို ညားသွားအောင် လုပ်တဲ့ နေရာမှာ တကယ် ခက်ခဲနက်နဲတဲ့ ကွာဟမှုမျိုးကို ပညာစွမ်းပြပြီး စည်းရုံးရေးကောင်းကောင်း နဲ့ ညားသွားအောင် လုပ်တာမျိုးဆိုရင် လူတော်ပါပဲ။ ဒီနေရာမှာ တစ်ခု စဉ်းစားရမှာ က တစ်ဖက်သားဟာ တော်လည်း မတော်ဘူး၊ ရိုးသားမှုလည်း မရှိဘူး၊ အလုပ်လည်း ကြိုးကြိုးစားစားမရှိဘူး၊ ဒီလို အမျိုးအစားမှန်းသိလျက်နဲ့ အောင်သွယ်ပေးတာ လိမ်ညာတာ စည်းရုံးတာဆိုရင် မှားတယ်။ မကောင်းဘူး။ အဆိပ်အတောက်စာပေလို့ ပြောမလားမသိဘူး။

အောင်သွယ်တဲ့ အတတ်ပညာဆိုတာ အခြေအနေပေါ် ကြည့်ကတာ မျိုး၊ ကြည့်ပြောရတာ မျိုး၊ ဒါပေမယ့် အောင်သွယ်ရဲ့ အလုပ်ကို စလုပ်ပြီ ဆိုရင် ဝါသနာလည်း ပါလို့ ညားအောင် လျှော်တော့တာပဲ။

ဂတ္ထုတိုရေးဆရာရဲ့ အကြောင်းအရာတစ်ခုကို ဖောင်းပေးရေးသား နေပုံမျိုးနဲ့ သိပ်တူတာပဲလို့ ကိုယ်တိုင်ဂတ္ထုတိုတွေ ရေးနေတဲ့ လူတစ် ယောက်ရဲ့ အမြင်နဲ့ ပြောရမှာ ပေ့ါ။

သည် နေရာမှာ ဆရာမ သန်းမြင့်အောင်ရဲ့ အနေအထားကို ကျွန် တော်တို့ ပြန်ကြည့်ရမယ်ဆိုရင် သူဟာ ရိုးရိုးသားသား မှန်မှန်ကန်ကန် အောင်သွယ်နေတယ်လို့ ထင်ပါတယ်။ ထွေးညိုနဲ့ သာဒင်ကို အောင်သွ ယ်ပေးတဲ့ အလုပ်မျိုး သူမလုပ်ဘူး။ တစ်နည်းအားဖြင့် သူ့စာတွေဟာ အ နိမ့်ဆုံးပြောရရင် အဆိပ်အတောက်ကင်းတယ်လို့ ထင်ပါတယ်။ အမြင့် ဆုံးပြောရရင်တော့ အရသာ နည်းနည်းလေးလျော့နေတာကလွဲရင် ချိုမြိ န်သန့်ရှင်းတဲ့ အစားအသောက်လိုမျိုး စာတွေပါပဲ။

ဂတ္ထုတိုတွေကို တူညီတဲ့ ကာလတစ်ခုထဲမှာ ရေးနေကြတဲ့ သူအချင်း ချင်း၊ ဂတ္ထုတိုကို သံယောဇဉ်ရှိတဲ့ လူအချင်းချင်း၊ အသက်အရွယ်ကြီးပြီး မကွာခြားလှတဲ့ လူအချင်းချင်းအနေနဲ့ ပြောရမယ်ဆိုရင်၊ ဆရာမ သန်းမြင့်အောင်နဲ့ ကျွန်တော်တို့ နှစ်ယောက်စလုံးဟာ ဂတ္ထုတို တစ်ပုဒ် မှာ ပါတဲ့ ဝေါဟာရ၊ ခံစားမှု၊ အနုပညာအတတ်ပညာ၊ အကြောင်းအရာ၊ အတွေး (ဒဿန) စေတနာတွေကို အချိုးအစားမှန်မှန် ပေါင်းစပ်ပေးနိုင် ဖို့ ကြိုးစားရဦးမှာ ပဲလို့ ထင်ပါတယ်။ ‘မဆိုးပါဘူး’ ဆိုတဲ့ စကားမှာ တင် ငြိမ်သက်မနေသင့်ဘူးလို့ ထင်ပါတယ်။

♥ ♥ ♥

ဆရာမသန်းမြင့်အောင်နဲ့ ဘယ်နေ့ဘယ်လက စတင်သိကျွမ်းရမလဲ ဆိုတာ ကျွန်တော် မမှတ်မိပါဘူး။ ကျွန်တော် မှတ်မိသလောက်ကတော့ ၉၀ ခုနှစ်ဝန်းကျင်နဲ့ အတူ ပေါက်ဖွားလာတယ်လို့ ထင်ပါတယ်။

သူတို့ မှာ သူငယ်ချင်းတွေ လေးငါးခြောက်ယောက်ရှိပြီး အံ့ဩစရာ ကောင်းလောက် အောင်လည်း ချစ်ကြတယ်။ သံယောဇဉ်ရှိကြတယ်။ တစ်ယောက်ရဲ့ အောင်မြင်မှု၊ ကျဆုံးမှု၊ ခက်ခဲမှုတွေကို တစ်ယောက်က သူ့ကိုယ်ပိုင် အတွေ့အကြုံပဲလို့ ယူဆကြတာပါ။

သူတို့ တစ်တွေ သံယောဇဉ်ရှိကြပုံတွေကို ဘေးကနေကြည့်ရင်တော င် တသသ ကြည်နူးစရာကောင်းလှပါတယ်။ သူတို့ သူငယ်ချင်းတွေဟာ အရှေ့အနောက် တောင်မြောက် ဝဲယာတွေမှာ တခြားစီနေကြတာပါ။ ဒါ ပေမယ့် သူတို့ ပြောနေတဲ့ စကားတွေကို ခြေရာခံရင် နေ့စဉ်လောက်နီး နီး သူတို့ တစ်တွေ ချိန်းတွေ့နေကြတယ်ဆိုတာ သိရပါတယ်။

သူတို့ တွေထဲမှာ ဘယ်သူတွေဟာ အတော်ဆုံးလဲ၊ ဘယ်သူဟာ အ ညံ့ဆုံးလည်း ဆိုတာ သူတို့ အတွက် မပြောကောင်းတဲ့ အရာပဲ။ သူတို့ တစ်တွေဟာ အပြစ်အနာအဆာ အကောင်းဆုံးနည်းလမ်းတွေနဲ့ လူ့ဘဝ ကို လျှောက်လှမ်းနေသူများ လို့ ထင်ပါတယ်။ ချီးကျူးထိုက်သူကို ချီးကျူးဖို့ ၊ လေးစားထိုက်သူကို လေးစားဖို့ သူတို့ ဟာ ယုံယုံကြည်ကြည် နဲ့ သွားလာ လှုပ်ရှားနေကြတာ အားကျစရာပါပဲ။ သတင်းမေးသင့်သူကို မေးဖို့ ၊ ကူညီသင့်သူကို ကူညီဖို့ ၊ သာရေးနာရေးတွေလုပ်ဖို့ သူတို့ တစ် တွေဟာ အားတက်သရောနဲ့ ဆောင်ရွက်နေတာကို ကြည့်ပြီး ကိုယ်ကို ယ်တိုင်တောင် မလုံမလဲဖြစ်လာတယ်။

တစ်နေ့တည်းနဲ့ လူမှုရေး၊ စာပေရေး၊ စီးပွားရေးတွေ သူလျှောက်လို့

ပြီးခဲ့တဲ့ စာရင်းတွေကို သူတို့ ထဲက တစ်ယောက်ယောက်က ရွတ်ပြတဲ့ အခါ အကွက်စေ့လွန်းလို့ ရင်သပ်အံ့သြခဲ့ရတဲ့ အကြိမ်တွေလည်း မနည်း တော့ဘူး။ စာပေ ဆွေးနွေးဝိုင်းတွေ၊ ဆရာကြီးတွေရဲ့ မွေးနေ့တွေ၊ သူ တို့ ချစ်ခင်နွေးထွေးတဲ့ ပုဂ္ဂိုလ်တွေဆီ သူတို့ သွားလာနေတာဆိုရင် ဘာ နဲ့ တူသလဲဆိုရင် ရေကြည်ချောင်းထဲမှာ အုပ်စုဖွဲ့ပြီး ကူးခတ် ကွေ့ပတ် သွားလာနေတဲ့ ငါးကြင်းပေါက်စ သေးသေး တစ်အုပ်လို့ ပဲ မြင်ယောင် လာမိပါတယ်။

သူတို့ တစ်တွေကတော့ ဆရာမ ခင်ဝင်းသစ်၊ ဆရာမ သန်းမြင့်အော င်၊ ဆရာမ မရီဝေ၊ ဆရာမ မြသွေးရည်တို့ ဖြစ်ပါတယ်။ တစ်ခါတစ်ခါ တခြား ငါးကြင်းပေါက်စ နှစ်ကောင် သုံးကောင်က သူတို့ နဲ့ ခပ်ခွာခွာ နေရာကနေ ပါလာတတ်တယ်။ ကဗျာဆရာမ မနွေနဲ့ ဟိုတုန်းက တိုင်း ရင်းမေ ဂျာနယ်မှာ ဝတ္ထုတွေ ရေးခဲ့တဲ့ ဆရာမ မြသက်နိုင်တို့ ဖြစ်ပါတ ယ်။

အဲဒီ ငါးကြင်းလေးတွေရဲ့ နှုတ်က မကြာခဏ ထွက်လာတဲ့ အားကိုး တကြီး၊ လေးစားချစ်စနိုးနဲ့ နာမည်တစ်ခုရှိတယ်။ သူတို့ စကားပြောရင် မကြာခဏ ရွတ်သံကြားရတယ်။ 'မမဦး'...... 'မမဦးစ'.... တဲ့ ။ အဲဒီ နာ မည်ဟာ တခြားလူမဟုတ်ပါဘူး။ ဆရာမကြီး ဒေါ်ခင်ဆွေဦးကို ပြော တာပဲ ဖြစ်ပါတယ်။ ဆရာမကြီးက သူတို့ ကို တည့်မတ်စောင့်ရှောက်တဲ့ သဘောမျိုး ပေါက်လာတဲ့ အထိ မမဦးနာမည်ကို ရွတ်ကြတယ်။

♥ ♥ ♥

သူတို့ အထဲက ကျွန်တော့်အလုပ်ခွင်ကို အရောက်အပေါက်အများဆုံးက ဆရာမ သန်းမြင့်အောင် ဖြစ်ပါတယ်။ သူဆိုရောက်လာရင် သူကြားလာရတဲ့ သတင်းတွေကို ဖွဲ့နွဲ့မှု နည်းနည်းနဲ့ ရိုးရိုးလေး ပြောပြတတ်ပါတယ်။ သူ့ဝတ္ထုတွေကမှ သူပြောပုံထက် ဖွဲ့နွဲ့မှုအားကောင်းနေသေးတယ်(ဒါပေမယ့် တခြားစာရေးဆရာတွေနဲ့ စာရင် နည်းနေသေးတယ်လို့ ထင်ရပါတယ်)။ စကားပြောတဲ့ အခါ အဲဒီ လို ရိုးရိုးရှင်းရှင်းပြောတာ အကောင်းဆုံးဖြစ်ပေမယ့် ဝတ္ထုမှာ တော့ ဖွဲ့နွဲ့မှုကို လျှော့မချသင့်ဘူးလို့ ထင်ပါတယ်။

ကြည့်စမ်း။ လွန်ခဲ့တဲ့ ၇ နှစ်လောက်တုန်းက သူဟာ ကျွန်တော့်ကိုယ်ပိုင် ဓာတ်ခွဲခန်းထဲကို ပြုန်းစားကြီးရောက် လာပြီး ဗုံးတစ်လုံးကို ဖောက်ခွဲလိုင်ပါတော့တယ်။

'ဆရာဆီက အမှာ စာ လိုချင်တယ်။ ရေးပေးပါ'

စောစောက၊ သူမရောက်ခင်က ကျွန်တော့အတွေးတွေ ဘယ်ရောက်ကုန်မှန်းမသိ။ အသက်ရှူသံထဲမှာ တောင် 'အမှာ စာ..... အမှာ စာ' ဖြစ်သွားတော့တယ်။ အမှာ စာ မရေးချင်ပါဘူး။ ဝါသနာလည်း မပါဘူး။ ဒါပေမယ့် ဆရာမသန်းမြင့်အောင်ဆိုတာ သူ့ကလောင်နာမည်လိုပဲ မာကျောကျော သဘောကောင်းကောင်း ဖြစ်တယ်၊ သူ့ဝတ္ထုတွေလို ရိုးသားဖြူစင်သူ ဖြစ်တယ်ဆိုတာတွေ တွေးမိတော့ အမှာ စာရေးပေးဖို့ သဘောတူလိုက်ပါတယ်။

အဲဒီ နေ့ကစပြီး နေ့တိုင်း အမှာ စာ..... အမှာ စာ ..... အမှာ စာနဲ့ ကျွန်တော့် စိတ်နာရီက တချက်ချက်နဲ့ နှိုးဆော်နေတယ်။ တစ်ခါမှ လည်း မရေးဖူးဘူး။ ဒီဘဝမှာ ပထမဦးဆုံး အမှာ စာပါပဲ။ အသက်ရှူသံ အမှာ စာ ဖြစ်သွားပြီ။ တစ်ကယ်တော့ ကျွန်တော်တို့ ခေတ်ပြိုင်စာရေးဆရာ

တွေ အချင်းချင်းကို ရေးခိုင်းဖို့ မကောင်းဘူး။ ဆရာကြီးတွေ ဆရာကြီးတွေဆီ သွားတောင်းဖို့ ကောင်းတယ်။ အခုတော့ ကျွန်တော့်အမှာ စာဟာ ဆယ်တန်းတစ်နှစ်ကျ ကျောင်းသားက ခုမှ ဆယ်တန်းတက်တဲ့ ကျောင်းသားကို စာပြတဲ့ သဘောမျိုး ဖြစ်နေပြီလားသိ။

မောင်ညိုပြာ

၁၉၊၅၊၉၅

♥ ♥ ♥